**၁၅တန်အထက် ဆန်စက်လိုင်စင် လျှောက်ထားမှုနှင့်စပ်လျဉ်း၍**

**ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ**

၁။ **လျှောက်ထားသူကာယကံရှင်မှ စားသုံးသူရေးရာဦးစီးဌာနသို့ အမှုတွဲလျှောက်ထားရာတွင် ပါရှိရမည့်အချက်များ (အမိန့်ညွှန်ကြားစာ ၁/၈၉)အရ (အချက် ၁၇ ချက်)**

(က) သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ထောက်ခံချက် (မူရင်း)

(ခ ) မြို့နယ်ဦးစီးမှူးရုံး (စားသုံးသူရေးရာဦးစီးဌာန) ထောက်ခံချက် (မူရင်း)

(ဂ ) ဆန်စက်ပိုင်ရှင်မှတ်ပုံတင်(ရှေ့/နောက်) (မိတ္တူ)

(ဃ) ဆန်စက်တည်နေရာ ပတ်ဝန်းကျင်ရှိ အရပ်လေးမျက်နှာမြေပိုင်ရှင်များ ထောက်ခံချက်(မူရင်း)

(င ) မြေစာရင်းပုံစံ (၁၀၅) နှင့် (၁၀၆) (မိတ္တူ)

(စ ) မြေစာရင်းမှ မြေပိုင်ဆိုင်မှု အထောက်အထား(လန-၃၉) /၉လယ-၃၀) (စက်မှုဂရန်) ခွင့်ပြုမိန့်ကျပြီး(မိတ္တူ)

(ဆ) မြို့နယ်ဆန်စက်အသင်း ထောက်ခံချက်(မူရင်း)

(ဇ ) မြို့နယ်ကျန်းမာရေးဦးစီးဌာန ထောက်ခံချက်(မူရင်း)

(ဈ ) မြို့နယ်မီးသတ်ဦးစီးဌာန ထောက်ခံချက်(မူရင်း)

(ည) မြို့နယ်စည်ပင်သာယာရေး ထောက်ခံချက်(မူရင်း) (လိုအပ်ပါက)

(ဋ ) ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်(မူရင်း)

(ဌ ) ဆန်စက်ပိုင်ရှင်မှ (၁၅)တန်နှင့်အထက် ဆန်စက်အသစ်တည်ဆောက်လိုကြောင်း လျှောက်လွှာ (မူရင်း)

(ဍ ) ဆန်စက်အဆောက်အဦး ပုံစံ/ဆန်စက်ယူအစိပ်အပိုင်းများပုံ (အင်ဂျင်နီယာ တွက်ချက်မှု ပုံစံအပါအဝင်) (မူရင်း)

(ဎ ) မြန်မာ့စီးပွားရေးဘဏ်သို့ ဆန်စက်ဝန်ဆောင်စရိတ်ငွေ (၅၀၀/)၊ ပေးသွင်းကြောင်းချလံ (မိတ္တူ)

(ဏ) ဆန်စက်ဆိုင်ရာစက်ပစ္စည်းနှင့် အချက်အလက်များ (စားသုံးသူရေးရာဦးစီးဌာန၏ပုံစံတွင် ဖြည့်စွပ်တင်ပြရန်(မူရင်း)

(တ) ဆန်စက်တည်နေရာပြမြေပုံ (Lay Out Plan)(မိတ္တူ) (စားသုံးသူရေးရာဦးစီးဌာန၏ပုံစံ)

(ထ) Gasifierဖြစ်ပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန စစ်ဆေးရေး (Pre Inspection) ထောက်ခံချက်(မိတ္တူ)(လိုအပ်ပါက)

**၂။ ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ စိစစ်ဆောင်ရွက်ရမည့်လုပ်ငန်းများ**

(က) စားသုံးသူရေးရာဦးစီးဌာန၊ သက်ဆိုင်ရာ ခရိုင်ဦးစီးမှူးရုံးမှတဆင့် ပြည်နယ်ဦးစီးမှူးရုံးသို့ ဆန်စက်အသစ် တည်ဆောက်ခွင့်လျှောက်ထားရာတွင် ကာယကံ ရှင်မှ အထက်ဖော်ပြပါ အချက်(၁၇)ချက်ဖြင့် ပူးတွဲတင်ပြရန်။

**(ခရိုင်စားသုံးသူရေးရာဦးစီးဌာန)**

(ခ ) ခရိုင်ဦးစီးမှူးအဖွဲ့မှစိစစ်ခြင်းနှင့် ကွင်းဆင်းစစ်ဆေးသည့် ဝန်ဆောင်မှုစရိတ် ၅ဝဝိ/- အား ဘဏ်သို့ပေးသွင်းခြင်း။

**(ခရိုင်စားသုံးသူရေးရာဦးစီးဌာန)**

(ဂ ) စိစစ်ရေးအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးခြင်း။

**(ခရိုင်စားသုံးသူရေးရာဦးစီးဌာန)**

(ဃ) ပြည်နယ်စားသုံးသူရေးရာဦးစီးဌာသို့ ဆက်လက်တင်ပြခြင်း။

**(ခရိုင်စားသုံးသူရေးရာဦးစီးဌာန)**

**၃။ စားသုံးသူရေးရာဦးစီးဌာန(ရုံးချုပ်)မှ စိစစ်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ**

- စားသုံးသူရေးရာဦးစီးဌာန(ရုံးချုပ်)မှ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီးပါက ဆန်စက် အသစ်တည်ဆောက်ခွင့်ပြုမိန့်အား သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးသို့ပြန်လည်ပေးပို့ခြင်း။

**(စားသုံးသူရေးရာဦးစီးဌာန)(ရုံးချုပ်)**

**၄။ ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနမှ ပြန်လည်စိစစ်ဆောင်ရွက်ရမည့်လုပ်ငန်း စဉ်များ**

(က) ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနမှ သက်ဆိုင်ရာ ကာယကံရှင်သို့ ဆန်စက်တည်ဆောက်ခွင့်ပြုမိန့်ရရှိကြောင်းကို ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှတဆင့် အကြောင်းကြားပေးခြင်း။

**(တိုင်းစားသုံးသူဦးစီးဌာန)**

(ခ) ကာယကံရှင်မှ ဆန်စက်တည်ဆောက်၍ပြီးစီးပါက ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ စိစစ်၍ ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနသို့ တင်ပြချက်အရ တိုင်စားသုံးသူရေးရာ ဦးစီးဌာနမှ စက်နံပါတ်သတ်မှတ်ထုတ်ပေးခြင်း။

**(စာသုံးသူရေရာဦးစီးဌာန/ကာယကံရှင်)**

**၅။ ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ပြန်လည်စိစစ်ဆောင်ရွက်ရမည့်လုပ်ငန်းများ**

ခရိုင်ဦးစီးမှူးမှ ပြည်နယ်ဦးစီးမှူးရုံး၏ စက်သတ်မှတ်ချက်ရရှိပါက ကာယကံရှင်သို့ ဆန်စက် မှတ်ပုံတင် လက်မှတ်ထုတ်ပေးခြင်း။

**(ခရိုင်စားသုံးသူရေးရာဦးစီးဌာန)**

**၆။ ကာယကံရှင်မှ(စက်မှုကြီးကြပ်လိုင်စင်)ဆက်လက်ရရှိရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများ**

ကာယကံရှင်မှ ဆန်စက်မှတ်ပုံတင်လက်မှတ်ရရှိပါက စက်မှုကြီးကြပ်ရေးဦးစီးဌာနတင်ပြ၍စက်မှုမှတ်ပုံတင်ရရှိရေးအတွက် ဆက်လက်ဆောင်ရွက်ခြင်း။ **(ကာယကံရှင်)**

**၇။ ကြီးကြပ်မှုအပိုင်း**

၁၅တန်နှင့်အထက် ဆန်စက်များလိုင်စင်(အသစ်)လျှောက်ထားရာတွင် စားသုံးသူရေးရာဦးစီးဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။